



# ကျွန်ုပ်တို့၏ အမှုတော်ဆောင်ခြင်းကို ပြောင်းလဲစေမည့်ရည်ရွယ်ချက်

အမှုတော်ဆောင်ခြင်း၏ ရည်ရွယ်ချက်များ များစွာရှိနေရာတွင်၊ ကျွန်ုပ်တို့၏ အားထုတ်မှုများကို ကယ်တင်ရှင်ကဲ့သို့ ပိုဖြစ်လာစေရန် နှင့် တပါးသူများကို ပို၍နက်နဲသောကိုယ်ပိုင်ပြောင်းလဲမှုများ ရရှိရန် ကူညီလိုသောစိတ်ဆန္ဒ အားဖြင့် လမ်းညွှန်သင့်ပါသည်။

ကျွန်ုပ်တို့က တပါးသူများကို ကယ်တင်ရှင်ချစ်သကဲ့သို့ ချစ်သည့်အခါ၊ သူကူညီခဲ့သလို သူတို့ကို ကျွန်ုပ်တို့ကူညီချင်သည်။ သိုးထိန်းကောင်းတစ်ပါးအဖြစ်၊သူသည် အဓိပ္ပာယ်ပြည့်စုံလှသည့် အမှုတော်ဆောင်ခြင်း၏ အဆုံးစွန်ဥပမာဖြစ်သည်။

သူ့နောက်လိုက်ကာကျွန်ုပ်တို့၏အမှုတော်ဆောင်ခြင်းစံနမူနာ၌ ချစ်ရန်၊ မြှင့်တင်ရန်၊ အစေခံရန်နှင့် ကောင်းချီးပေးရန် သူ၏အားထုတ်မှုများတွင် ချက်ချင်းဖြည့်ဆည်းခြင်းထက် ပိုမြင့်သောပန်းတိုင်တစ်ခုရှိခဲ့သည်ကို သတိရရန် အရေးကြီးပါသည်။ သူက သူတို့၏ နေ့စဉ်နှင့်အမျှလိုအပ်သည်များကို ကေန်သိခဲ့ပြီးသူတို့၏ လက်ရှိခံစားရသည်များပေါ်တွင်လည်းသနားကရုဏာတော်ရှိတော်မူခဲ့ သည်။သို့ပါ၍ ကုသပေးခြင်း၊ ကျွေးမွေးခြင်း၊ခွင့်လွှတ်ခြင်း နှင့် သင်ကြားခြင်းတို့ကိုသူပြုတော်မူခဲ့သည်။ သို့ပါသော်လည်းသူကယနေ့ဆာလောင်မွတ်သိပ်ခြင်းကိုဂရုစိုက်သည် ထက်ပိုမိုသည့်အရာအားလုပ်ဆောင်တော်မူချင်ခဲ့သည် (ရှင်ယောဟန် ၄း၁၃_၁၄ တွင်ကြည့်ပါ)။ သူ၏အနားတွင်ရှိသောသူများအားသူ၏နောက်သို့လိုက်လျှောက်ရန် (ရှင်လုကာခရစ်ဝင် ၁၈း၂၂ ၊ ရှင်ယောဟန် ၂၁း၂၂ တွင်ကြည့်ပါ) ၊ သူ့ကိုသိရန် (ရှင်ယောဟန်၁၀း၁၄၊ ဩဝါဒနှင့် ပဋိညာဉ်ကျမ်းများ ၁၃၂း၂၂-၂၄ တွင်ကြည့်ပါ) နှင့် သူတို့၏ဘုရားနှင့်ဆိုင်သောအလားအလာသို့ရောက်ရှိရန် (ရှင်မဿဲ

၅း၄၈ တွင်ကြည့်ပါ)၊ သူအလိုရှိခဲ့သည်။ ယနေ့တွင်လည်းထိုတူညီသောအမှန်တရားရှိသည်။ (ဩဝါဒနှင့် ပဋိညာဉ်ကျမ်းများ ၆၇း၁၃ တွင်ကြည့်ပါ)

တပါးသူများအားကောင်းချီးပေးကူညီနိုင်သည့်နည်းလမ်းပေါင်း မြောက်များစွာရှိသည်။သို့ပါသော်လည်းကျွန်ုပ်တို့၏အမှုတော်ဆောင်ခြင်း၏နောက်ဆုံးပန်းတိုင်သည်တပါးသူများအားကယ်တင်ရှင်ကို သိစေရန်နှင့်သူကဲ့သို့ပိုဖြစ်လာစေရန် ကူညီဖို့ဖြစ်တဲ့အခါ သူ့ကိုကျွန်ုပ်တို့အားလုံးသိကြလိမ့်မည် ဖြစ်သောကြောင့် ကျွန်ုပ်တို့၏မိတ်ဆွေအိမ်နီးချင်းများအားကိုယ်တော်ကိုသိဖို့သွန်သင်ရန် မလိုအပ်တော့သည့်နေ့ရောက်သည်အထိ ကျွန်ုပ်တို့တို့ဦးတည်လုပ်ဆောင်ကြပါမည် (ယေရမိအနာဂတ္တိကျမ်း ၃၁း၃၄ တွင်ကြည့်ပါ)။

**ကယ်တင်ရှင်၏အာရုံစိုက်ဦးတည်မှုသည်ချက်ချင်းဖြည့်ဆည်းရမည့်လိုအပ်ချက်များထက်သာလွန်သည်။**

- များစွာသောလူတစ်ဦးချင်းစီတိုင်းက သူတို့၏မိတ်ဆွေအား လက်ခြေသေခြင်းမှ အနာငြိမ်းစေရန် ယေရှုထံသို့သယ်ဆောင်ဖို့ ကြိုးမားတဲ့အားထုတ်မှုလုပ်ဆောင်ခဲ့ကြသည်။ အဆုံးတွင်ထိုယောကျ်ားအားကယ်တင်ရှင်ကကုသပေးတော်မူခဲ့သည်၊သို့သော်လည်းသူကထိုသူ၏အပြစ်တွေကိုခွင့်လွှတ်ပေးခြင်းကို ပိုစိတ်ဝင်စားမှုရှိခဲ့သည်(ရှင်မာကု ၅း၁၈-၂၆ တွင်ကြည့်ပါ)။
- မှားယွင်းခြင်းအမှုကိုပြုလုပ်သောအမျိုးသမီးတစ်ဦးအားလူတို့က ကယ်တင်ရှင်ထံသို့ခေါ်ဆောင်လာသောအခါ ၊ သူ၏ ပြစ်တင်ရှုတ်ခြင်းမရှိမှုကသူမ၏ရုပ်ပိုင်းဆိုင်ရာအသက်တာအား ကယ်တင်တော်မူခဲ့သည်။သို့သော်လည်းသူသည်သူမအားဝိညာဉ်ရေးရာအရလည်းကယ်တင်တော်မူချင်ခဲ့သည်၊ “သွားလော့၊နောက်တဖန်ဒုစရိုက်ကိုမပြုနှင့်”ဟုမိန့်တော်မူခဲ့သည် (ရှင်ယောဟန်၈း၂_၁၁တွင်ကြည့်ပါ)။
- မာရိနှင့်မာသတို့သည် သူ၏မိတ်ဆွေဖြစ်သော လာဇရုအား လာရောက်ကုသပေးရန် ယေရှုအားအမှာတော်ပါးခဲ့ကြသည်။ မရေတွက်နိုင်အောင်များပြားသည့် အခမ်းအနားများတွင် တပါးသူတို့အားကုသတော်မူခဲ့သော ၊ယေရှုသည်၊ လာဇရုကွယ်လွန်ပြီးမှသာ ရောက်ရှိခဲ့သည်။ ယေရှုက မိသားစုသည် မည်သည်ကို အလိုရှိသည်ကို သိခဲ့သည်၊ သို့သော် လာဇရုအားသေခြင်းမှ ရှင်ပြန်ထမြောက်စေရာတွင် သူ၏ဂုဏ်ကျေးဇူးတော်အတွက်သူတို့၏သက်သေခံချက်များကို တိုးပွားတော်မူစေခဲ့သည် (ရှင်ယောဟန် ၁၁း၂၁-၂၇တွင်ကြည့်ပါ)။တခြားမည်သို့သောဥပမာများကို ဤစာရင်းတွင်ထပ်ဖြည့်စွက် နိုင်သေးသနည်း။

**ကျွန်ုပ်တို့မည်သည်ကိုလုပ်ဆောင်နိုင်သနည်း။**

ကျွန်ုပ်တို့၏ရည်ရွယ်ချက်သည်တပါးသူများအား ကယ်တင်ရှင်ကဲ့သို့ပိုဖြစ်လာရန်ကူညီဖို့ဖြစ်လျှင်၊ ကျွန်ုပ်တို့မည်သို့ အမှုတော်ဆောင်သည်ကို ထိုအရာကပြောင်းလဲပေးပါလိမ့်မည်။ အမှုတော်ဆောင်ရန်ကျွန်ုပ်တို့၏အားထုတ်မှုများကို ဤနားလည်သဘောပေါက်ခြင်းက လမ်းညွှန်နိုင်ကြောင်း နည်းလမ်းအချို့မှာအောက်ပါအတိုင်းဖြစ်ပါသည်။

***အကြံဉာဏ် ၁း အစေခံမှုကိုကယ်တင်ရှင်နှင့်ဆက်စပ်ပါ***

ကောင်းမှုပြုရန် ကျွန်ုပ်တို့၏ကြိုးစားအားထုတ်မှုအားလုံးသည် တန်ဖိုးကြီးပါသည်၊ သို့သော်လည်း ၎င်းကိုကယ်တင်ရှင်နှင့် ဆက်စပ်ခြင်းအားဖြင့် ကျွန်ုပ်တို့၏အစေခံခြင်းကို တိုးမြှင့်ရန် အခွင့်အရေးများ ကျွန်ုပ်တို့၏ရှာဖွေနိုင်ပါသည်။ ဥပမာ၊ သင်အမှုတော်ဆောင်နေသော မိသားစုသည် နာမကျမ်း ဖြစ်နေသည်ဆိုပါက စားသောက်စရာ တစ်နပ်ကို ဝေငှခြင်း ကသူတို့အားကူညီပေးကောင်းကူညီနိုင်ပါသည်။သို့သော်လည်းကယ်တင်ရှင်၏သူတို့အပေါ်တွင်ရှိသော ချစ်ခြင်းအကြောင်း သင်၏သက်သေခံချက်အားဖြင့်သင်၏ရိုးရှင်းသောချစ်ခြင်းမေတ္တာ ဖော်ပြချက်ကို တိုးပွားစေနိုင်ပါသည်။ သင်၏ခြံရှင်းပေးခြင်း အကူအညီကိုကျေးဇူးတင်ပါလိမ့်မည်၊ သို့သော်လည်း ယဇ်ပုရောဟိတ်အခွင့်ဖြင့်ကောင်းချီးပေးရန်ကမ်းလှမ်းခြင်းသည်ပို၍ အဓိပ္ပာယ်ရှိကောင်းရှိပါလိမ့်မည်။

တမန်တော်တစ်ကျိပ်နှစ်ပါးအဖွဲ့ဝင် အသင်းလူကြီး နီယယ် အယ် အန်ဒါဆင်န် က “စိတ်နှလုံးကောင်းသော လူတစ်ဦးသည် လူတစ်ယောက်၏ကားတာယာ အားပြင်ပေးရန် ကူညီပေးနိုင်သည်၊ အခန်းဖော်အားလည်းဆရာဝန်နှင့် တွေ့ရန် ခေါ်သွားနိုင်သည်၊ ဝမ်းနည်းနေသာလူတစ်ယောက်နှင့်လည်းနေ့လည်စာအတူစားပေးနိုင်သည်၊ သို့မဟုတ် သာယာလှပသည့်နေ့တစ်နေ့ကိုလည်း ပြုံးရွှင်စွာဖြင့်နှုတ်ခွန်းချွေနိုင်သည်။”ဟု သွန်သင်ခဲ့သည်။

“သို့သော်လည်း ပထမပညတ်တော်အားစောင့်ထိန်းသူသည် ထိုအရေးကြီးလှသောအစေခံခြင်းလုပ်ဆောင်မှုများအားအလိုအလျောက် ဖြည့်စွက်မည်ဖြစ်သည်။”[၁]

### *အကြံဉာဏ်၂း ပဋိညာဉ်လမ်းကြောင်းပေါ်တွင် အာရုံပြုပါ*

ဉက္ကဌ ရဆယ် အမ် နယ်လ်ဆင်က အသင်းတော်၏ ဉက္ကဌအဖြစ် အသင်းသားများအား ပထမဆုံးစကားပြောကြားသောအခါ “ပဋိညာဉ်လမ်းကြောင်းပေါ်တွင်တည်နေပါ”ဟုပြောခဲ့သည်။ ပဋိညာဉ်များပြုလုပ်ခြင်းနှင့်စောင့်ထိန်းခြင်းသည်‘’ဝိညာဉ်ပိုင်းဆိုင်ရာကောင်းချီးမင်္ဂလာတိုင်းနှင့် ရရှိနိုင်သောအခွင့်ထူးဆီသို့ တံခါးဖွင့်ပေးပါမည်။’’[၂]

နောက်ဆုံးကာလ သန့်ရှင်းသူများအနေဖြင့်၊ ကျွန်ုပ်တို့က နှစ်ခြင်းခံခြင်း၊ အတည်ပြုခြင်း၊ သန့်ရှင်းသောဝိညာဉ်တော်၏ ဆုကျေးဇူးတော်လက်ခံရရှိခြင်း တို့ကိုပြုလုပ်သည်။ ထိုက်တန်မှုရှိသောအမျိုးသားအသင်းဝင်များသည်ယဇ်ပုရောဟိတ်အခွင့်ရရှိကြသည်။ ကျွန်ုပ်တို့က ကျွန်ုပ်တို့၏ ဝိညာဉ်ပကတိအပ်နှင်းခြင်းအတွက်နှင့် မိသားစုများအဖြစ် ထာဝရအတူပေါင်းစည်းနိုင်ရန်အတွက်ဗိမ္မာန်တော်သို့သွားသည်။ သူကဲ့သို့ပိုဖြစ်လာရန် ဤကယ်တင်စေသောဘိသိတ်မင်္ဂလာများနှင့် ၎င်းတို့နှင့်သက်ဆိုင်သည့် ပဋိညာဉ်များသည် ကျွန်ုပ်တို့အတွက် မရှိမဖြစ်လိုအပ်သည် ထိုမှသာကျွန်ုပ်တို့သူနှင့်အတူရှိနိုင်မည်။

ကျွန်ုပ်တို့က သူတို့၏ပဋိညာဉ်များဆက်လက်စောင့်ထိန်းရန်နှင့် အနာဂတ်တွင်ပဋိညာဉ်များ ပြုလုပ်ဖို့ပြင်ဆင်ရန် ကူညီသည့်အခါ ကျွန်ုပ်တို့က တပါးသူတို့အားထိုလမ်းစဉ်တလျှောက်တွင် ကူညီရန် အရေးကြီးသောအခန်းကဏ္ဍမှာပါဝင်နိုင်ပါသည်။[၃] သင်အစေခံသောတစ်ဦးချင်းစီနှင့် မိသားစုများအား သူတို့လိုအပ်သော ဘိသိတ်မင်္ဂလာနောက်တစ်ခုအား လက်ခံရရှိနိုင်ရန် သင်မည်သို့ကူညီနိုင်သနည်း။ ဤအဓိပ္ပာယ်က ဖခင်တစ်ယောက်ကို သူ၏သမီးအား နှစ်ခြင်းမင်္ဂလာပေးဖို့ပြင်ဆင်ရန်ကူညီပေးခြင်း၊ ပဋိညာဉ်နောက်တစ်ခုပြုလုပ်ခြင်းအားဖြင့်ရရှိနိုင်သောကောင်းချီးမင်္ဂလာများအကြောင်းရှင်းပြခြင်း၊သို့မဟုတ် ပွဲတော်မင်္ဂလာသုံးဆောင်နေစဉ် ကျွန်ုပ်တို့၏ပဋိညာဉ်များကို အသစ်တဖန်ပြန်လည်ပြုလုပ်ရာ၌ ပို၍လေးနက်သောအတွေ့အကြုံများရရှိဖို့ နည်းလမ်းများ ဝေငှပေးခြင်းတို့ဖြစ်နိုင်ပါသည်။

### *အကြံဉာဏ် ၃း ဖိတ်ခေါ်၍ အားပေးတိုက်တွန်းပါ*

အလျင်းသင့်သောအခါ၌၊သင်ဂရုစိုက်သည့်သူများ၏ပြောင်းလဲခြင်းအကြောင်းနှင့်ခရစ်တော်ကဲ့သို့ပိုဖြစ်လာစေမည့်အားထုတ်မှုများအကြောင်းဆွေးနွေးပါ။သူတို့၏အားသာချက်များကိုသင်မြင်ပြီးလေးစားကြောင်း ၊သူတို့မည်သည့်နေရာများတွင်တိုးတက်နိုင်သည် နှင့် သင်မည်သို့ကူညီနိုင်မည့်အကြောင်းကို ရှာဖွေဖော်ထုတ်ပါ။ (သင်အမှုတော်ဆောင်သောသူများနှင့်အတူတကွအကြံပြုခြင်းများအတွက် “သူတို့၏လိုအပ်ချက်များအားအကြံပြုပါ၊“ လီယာဟိုနာ၊ စက်၊ ၂၀၁၈၊ ၆-၉ တွင်ကြည့်ပါ။)

သူတို့အားကယ်တင်ရှင်နောက်လိုက်လျှောက်ရန်နှင့် သူတို့၏ဘုရားနှင့်ဆိုင်သောအလားအလာ ရောက်ရှိဖို့ သူတို့ကိုကူညီရာ၌ သူ့အားအခွင့်ပေးရန် ဖိတ်ခေါ် ဖို့ မကြောက်ရွံ့ပါနှင့်၊သူတို့၌သင်၏ယုံကြည်စိတ်ချမှုနှင့်ကိုယ်တော့်ထံ၌သင်၏ယုံကြည်ခြင်းကို အတူတကွဖော်ပြသောအခါ၊ ထိုဖိတ်ခေါ်မှုသည် ဘဝပြောင်းလဲခြင်းဖြစ်နိုင်ပါသည်။

## **တခြားသူများအား ခရစ်တော်ထံသို့ဦးတည်ကာတိုးတက်ဖို့ ကျွန်ုပ်တို့ကူညီနိုင်သောနည်းလမ်း၆ခု**

အောက်ပါအကြံပြုချက်များသည်ဘဝတိုးတက်မှုများပြုလုပ်ခြင်းနှင့် ပဋိညာဉ်လမ်းကြောင်းတစ်လျှောက် တိုးတက်ခြင်း၌ တပါးသူများကို ကူညီထောက်ပံ့ခြင်းအတွက်ဖြစ်သည်။

၁။ **ဝေငှပါ။** သင်ကကယ်တင်ရှင်နှင့် ပို၍နီးစပ်ရန်ကြိုးစားခဲ့ရာ၌ နှောင့်နှေးတွန့်ဆုတ်မည့်အစား အခြေခံမှုများအရနေထိုင်ခြင်းအားဖြင့် ကယ်တင်ရှင်က သင့်ကိုမည်သို့ကူညီပေးခဲ့သည်ကို ဝေငှသည့်အခါ စစ်မှန်ပြီး ရဲရင့်ပါ။

၂။ **ဂတိတော်ပေးထားသောကောင်းချီးမင်္ဂလာများ။** မပြောင်းလဲဖို့အကြောင်းပြချက်များထက်ပြောင်းလဲရန်ပို၍ လက်ခံနိုင်သော အကြောင်းပြချက်တစ်ခုကို လူတွေလိုအပ်သည်။ အပြုအမူနှင့်ဆက်စပ်လျှက်ရှိနေသာ ကောင်းချီးမင်္ဂလာများကိုရှင်းပြခြင်းသည် အစွမ်းရှိလှသည့် စိတ်အားပေးခြင်းကိုပေးနိုင်ပါသည် (ဩဝါဒနှင့်ပဋိညာဉ်များ ၁၃၀း၂၀-၂၁ တွင်ကြည့်ပါ)။

၃။ **ဖိတ်ခေါ်ပါ။** ဧဝံဂေလိတရား၏အခြေခံမှုများနှင့် နေထိုင်ခြင်းသည်မှန်ကန်သောသက်သေခံချက်တစ်ခုအားယူဆောင်

ပေးပြီး (ရှင်ယောဟန် ၇း၁၇ တွင်ကြည့်ပါ) ပို၍နက်နဲသောပြောင်းလဲခြင်းကိုဦးဆောင်သည်။ တုံ့ပြန်ခြင်းတိုင်းလိုလို၌ သူတို့အားတိုးတက်စေရန်ကူညီနိုင်သည့် တစ်ခုခုလုပ်ဆောင်ခိုင်းသောရိုးရှင်းသည့်ဖိတ်ခေါ်ခြင်းတစ်ခုပါဝင်နိုင်သည်။

၄။ **အတူတကွအစီအစဉ်ရေးဆွဲပါ။** ပြောင်းလဲဖို့သူတို့ရဲ့ကတိဝန်ခံမှုကို အောင်မြင်စွာထိန်းသိမ်းနိုင်ရန် သူတို့တွင်မည်သည့်အရာဖြစ်ဖို့လိုအပ်ပါသနည်း။သင်မည်သို့ကူညီနိုင်ပါသနည်း။ အချိန်အတိုင်းအတာတစ်ခု ပါဝင်ပတ်သက်ပါသလား။

၅။ **ထောက်ပံ့ပါ။** အထောက်အကူဖြစ်မည်ဆိုပါက၊ အယောက်စီတိုင်းကို ဆက်လက် အားတက်နေရန်နှင့်အောင်မြင်ရန် ကူညီနိုင်သောအားပေးသည့်လူ့ကွန်ယက်တစ်ခုအား ဖြစ်ပေါ်စေပါ။ အားတက်ရန်အားပေးကူညီမည့်သူတစ်ယောက်ကိုကျွန်ုပ်တို့အားလုံး လိုအပ်သည်။

၆။ **ဆက်လက်ဆောင်ရွက်ပါ။** တိုးတက်မှုအားပံ့မှန်ဝေငှပါ။ အစီအစဉ်ပေါ်၌ဆက်အာရုံစိုက်ပါ သို့သော်လည်း လိုအပ်ပါက ပြန်၍ပြင်ဆင်ပါ။ စိတ်ရှည်ပါ၊မဆုတ်မနစ်ကြိုးပမ်းမှုရှိပါ၊ အားပေးတိုက်တွန်းခြင်းရှိပါ။ ပြောင်းလဲခြင်းကအချိန်ယူနိုင်ပါသည်။

## လုပ်ဆောင်ရန်ဖိတ်ခေါ်ခြင်း

သင်၏အမှုတော်ဆောင်ခြင်းအတွက်အားထုတ်မှုနည်းလမ်းအားများစဉ်းစားဆင်ခြင်ပါ___သေးငယ်သောအရာနှင့်ကြီးမားသောအရာနှစ်ခုလုံးသည်___တပါးသူများ၏ပြောင်းလဲခြင်းပိုနက်နဲရန်နှင့် ကယ်တင်ရှင်ကဲ့သို့ပိုဖြစ်လာရန်ကူညီပေးသည်။

"အမှုတော်ဆောင်ခြင်းအခြေခံမူများ"ဆောင်းပါးများသည၁တစ်ဦးနှင့်တစ်ဦးဂရုစိုက်ရန်လေ့လာဖို့ ကျွန်ုပ်တို့ကိုကူညီပေးရန်ရည်ရွယ်သည်__အလည်အပတ်သွားသည့်အချိန်အတွင်း သတင်းစကားများအဖြစ်ဝေငှရန်မဟုတ်ပါ။ ကျွန်ုပ်တို့အစေခံသောသူများကိုသိကျွမ်းလာသည်နှင့်အမျှ၊ ကျွန်ုပ်တို့၏ဂရုစိုက်မှုနှင့် ကရုဏာထားမှုတို့အပြင် မည်သည့်သတင်းစကားအားသူတို့လိုအပ်နိုင်သည်ကို သိရှိရန် သန့်ရှင်းသောဝိညာဉ်တော်ကကျွန်ုပ်တို့ကို လှုံ့ဆော်ပေးပါလိမ့်မည်။

### မှတ်စုများ


၁။ နီရယ် အယ် အန်ဒါဆင်န်၊ "A Holier Approach to Ministering" (ဘရင်ဟန် ယန်း တက္ကသိုလ် ဝတ်ပြုကိုးကွယ်ခြင်း၊ ဧပြီ၊ ၁၀၊ ၂၀၁၈)၊ ၃၊ speeches.byu.edu.

၂။ ရဆယ် အမ် နယ်လ်ဆင်၊ "As We Go Forward Together,"လီယာဟိုနာ၊ ဧပြီ ၂၀၁၈၊ ၇။

၃။ ဟင်နရီ ဘီ အိုင်းရင်း၊"Daughters in the Covenant," လီယာဟိုနာ၊မေ ၂၀၁၄ ၊၁၂၅-၂၈ တွင်ကြည့်ပါ။

၄။ ဒေးဗစ် အေ ဘတ်ဒ်နာ၊ "Converted unto the Lord," လီယာဟိုနာ နို ၂၀၁၂၊၁၀၆-၁၀၉ တွင်ကြည့်ပါ။



© 2019 by Intellectual Reserve, Inc. မူပိုင်ခွင့်များအားလုံးယူထားပြီး။ အမေရိကန်ပြည်ထောင်စုတွင်ပုံနှိပ်သည်။ အင်္ဂလိပ်စာ ခွင့်ပြုချက် ၆/၁၈။ ဘာသာပြန်ခွင့်ပြုချက် ၆/၁၈။ *Ministering Principles, January 2019* ကိုဘာသာပြန်ထားခြင်း။ Burmese. 15762 256